# Google ရဲ့ လုပ်ဆောင်ချက်များကို ပြန်လည်တူးဖော်ခြင်း

Google ရဲ့ လုပ်ဆောင်ချက်တွေဟာ လူတိုင်းနီးပါးနဲ့ တော်တော့်ကို အကျွမ်းတဝင်ရှိပြီး သားဖြစ်ပါတယ်။ ဒါပေမဲ့ ကြာလာရင်မေ့ဆိုသလို သိပြီးသားတွေဖြစ်နေတဲ့တိုင်အောင် အပေါ် ယံကိုပဲ အသုံးပြုပါများနေတော့ တချို့လုပ်ဆောင်ချက်တွေကို အမှုမဲ့ အမှတ်မဲ့ ဖြစ်နေနိုင်ပါတယ်။ ဒါကြောင့် *PCWorld* စာဖတ်ပရိသတ်အနေနဲ့ သိပြီးသားဖြစ်နေပေမယ့် မျက်စိလျှမ်း သွားနိုင်တဲ့ google ရဲ့ လုပ်ဆောင်ချက် အချို့ကို အသုံးဝင်စေခြင်းအလို့ငှာ ပြန်လည်ဖော်ထုတ် တင်ပြပေးချင်ပါတယ်။

## + Option

Gmail ရဲ့ (+) ကို ကိုယ့်လိပ်စာအမှန်မပေးချင်တဲ့အခါမှာ အသုံးဝင်ပါတယ်။ ကိုယ့်လိပ်စာအမှန်ဟာ MgMg@gmail.com ဆိုရင် MgMg+ygn@gmail.com လို့ ပေးထားတာ ဖြစ်ပါတယ်။ Setting ထဲက Filter ထဲမှာ Label တစ်ခုဖန်တီးပြီးတော့ Add Addresses မှာ ပေါင်းထည့်ပေးလိုက်ရုံပါပဲ။




## Folder

Message တွေကို folder တစ်ခုချင်းစီမှာပဲ ထားနိုင်ပါတယ်။ Message တွေလိုချင်ရင် folder တစ်ခုထဲကို သီးသန့်ဝင်ရှာဖွေရပါမယ်။ Subfolder တွေဟာ search လုပ်ခွင့်မရှိပဲ Inbox တစ်ခု

# Google

ထဲမှာသာ လုပ်တဲ့ပုံစံတစ်ခု ဖြစ်ပါတယ်။ Folder ထဲမှာ mail တွေရှိပေမယ့် mail စာတွေကို တစ်ခုချင်းစီဖွင့်ဖတ်မှ ရပါမယ်။




## Label

Conversation ဟာ label တစ်ခုထက်ပိုပါဝင်ပြီး နေရာမျိုးစုံကို ညွှန်ပြနိုင်ပါတယ်။ Inbox ၊ all mail ၊ sent mail စသဖြင့် ဖြစ်ပါတယ်။ Search လုပ်ချင်ရင် label အလိုက် လုပ်နိုင်ပါတယ်။

Label က conversation အပေါ်မှာ မှီပြီးတည်ဆောက်ထားတဲ့အတွက်ကြောင့် နေရာမျိုးစုံကနေ mail တွေ ရှာဖွေရရှိနိုင်ပါတယ်။

Label တစ်ခုကို ဖယ်ထုတ်ချင်ပေမယ့် အထဲက message တွေပါသွားမှာ စိုးရိမ်စရာမလိုပါဘူး။ အရင်ဆုံး label ထဲက mail တွေကို select all လုပ်ပါ။ ပြီးရင် archieve လုပ်ပါ။ အားလုံးရှင်းသွားရင် setting ထဲက remove label ကနေဖယ်ထုတ်နိုင်ပါတယ်။ Mail တွေဟာ all mail ထဲမှာ ပြန်တွေ့ရမှာဖြစ်ပြီး remove to inbox ဆီ အလွယ်တကူ ပြောင်းရွှေ့နိုင်ပါတယ်။

## Gmail ထဲမှာ လက်မှတ်ထိုးမယ်

Setting ထဲကိုဝင်ပြီး signature section မှာ radio button ကို click လုပ်ကာ လက်မှတ်ကို ဖန်တီးနိုင်ပါတယ်။ ပြီးရင်တော့ save change လုပ်ပြီး သိမ်းရ ပါမယ်။

## Gmail Developers

Gmail ရဲ့ ဖွဲ့စည်းပုံ၊ အမှားအယွင်း ပြင်ဆင်ချက်၊ သတင်းအလုပ်လုပ်တဲ့ပုံစံတွေကို ဖော်ပြပါတယ်။ Help section ထဲဝင်ပါ။ ဘယ်ဘက်နားမှာရှိတဲ့ send feedback ကို click

ကိုနှိပ်လိုက်ပါ။ ဒါဆိုရင် gmail နဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ရရှိမှာ ဖြစ်ပါတယ်။

## Gmail Mini Browser

Google ရဲ့ Deskbar ဟာ IE နဲ့ Firefox တွေမှာပါ သုံးရတာအဆင်ပြေပါတယ်။ Keyboard shortcut တွေကိုလည်း ခွင့်ပြုပါတယ်။ အဲဒီ deskbar ဟာ google ရိုက်စရာမလိုတော့ပါဘူး။ Bar ကတဆင့် gmail ကို lite access ပုံစံနဲ့ ကြည့်နိုင်ပြီး gmail mini bar လို့လည်း ခေါ်ကြပါတယ်။ (deskbar. google.com)

## Gmail မှာ attach file နဲ့ပို့ရတာ အဆင်မပြေရင်

Gmail ပို့လို့ attachment failed ဖြစ်ရင် use classic uploder ကို click ပါ။ Attach file ကို ပြန်ရှာပြီး ပို့ကြည့်ပါ။ You - Sendit (http://www.yousendit.com) ၊ Megaupload ၊ Zupload ၊ Drop Send ၊ Mail Big File ၊ Leap - File ၊ box.net ၊ Filemail ၊ Pando တို့ကိုသုံးပြီး ပို့ကြည့်လို့လည်း ရပါတယ်။

## Attachment တွေ Bounce ဖြစ်တဲ့အချက်

Gmail ဟာ လုံခြုံရေးအဆင့်ရှိတဲ့ web mail တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် (*.exe) (*.vbs) နဲ့ ဆုံးတဲ့ file extensions တွေကို လက်မခံပါဘူး။ အဲဒီ extensions တွေဟာ virus တွေ ရှင်သန်ကြီးထွားစေဖို့ common source တွေ ဖြစ်တယ်လို့ ယူဆပါတယ်။ Zip file တွေ လက်မခံပေမယ့် (RAR) ကိုတော့ filter ခံမထားပါဘူး။

ဒါကြောင့် (*.exe) ၊ (*.vbs) နဲ့ ဆုံးတဲ့ file extensions တွေကို (RAR) နဲ့ ပို့မယ်ဆိုရင် Bounce ဖြစ်စရာ အကြောင်းမရှိနိုင်ပါဘူး။ Gmail က ခွင့်ပြုမထားတဲ့ file တွေကို မရောက်မချင်း ပို့နေရင်တော့ account အပိတ်ခံရ နိုင်ပါတယ်။

## Gmail Text Box ထဲမှာ ပုံထည့်ပို့ဖို့

Gmail Text Box ထဲမှာ ပုံထည့်ပြီးပို့တာ ဘာထူးခြားချက်ရှိသလဲဆိုတော့ လှပ်ရှားနေတဲ့ ပုံလေး တွေထည့်လို့ရပါတယ်။ နောက်ပြီး mail လက်ခံတဲ့သူဆီမှာလည်း အရုပ်လေးတွေ အသက်ဝင်တာကို ချက်ချင်း မြင်တွေ့နေရပါတယ်။ ဘယ်လိုလုပ်မလဲဆိုတော့ ...

- Gmail Setting > Lab ထဲက အောက်ပိုင်းနားလောက်မှာ




Inserting ဆိုတဲ့ box မှာပေးလိုက်ပါ။ ပြီးရင် save ပေးပါ။

- နောက်ပြီး စာပို့တဲ့အခါ emotion ပုံလေးတွေအများကြီး ထည့်ချင်တယ်ဆိုရင်လည်း သူ့အောက်မှာ Extra Emoji ဆိုတာ ရှိပါတယ်။ အဲဒါကိုလည်း enable ပေးပြီး save ပါ။
- ပြီးရင် compose mail သွားပြီး ကြည့်ကြည့်လိုက်ပါ။ Bold/Underline စတာတွေ ရေးထားတဲ့ အတန်းမှာ အပြာရောင်အကွက်လေး တွေ့ပါလိမ့်မယ်။ ကိုယ်ထည့်ချင်တဲ့နေရာမှာ cursor ချပြီး အဲဒါလေးကို click လုပ်၊ ကိုယ်ထည့်မယ့်ပုံကို Browse လုပ်ပြီး add image လုပ်လိုက်ရင် ပုံလေးက text ထဲမှာ ပေါ်နေပါလိမ့်မယ်။ ပုံက size လည်း ချိန်လို့ရပါတယ်။



## Gmail ၂ ခု ပြိုင်ဖွင့်ကြမယ်

Mozilla Firefox ရဲ့ add-ons တစ်ခုဖြစ်တဲ့ IE Tab ဆိုတာလေးပါ။ IE ရဲ့ rending engine ကို Tab တစ်ခုအနေနဲ့ သုံးနိုင်ပါတယ်။ နောက်ပြီး Firefox နဲ့ ဖွင့်ထားတဲ့ Tab ပေါ်မှာ Right click နှိပ်ပြီးတော့လည်း rending engine ကို ပြောင်းလို့ရပါသေးတယ်။

IE Tab add-ons ကို ဒီနေရာကနေ *https://addons.mozilla.org/en-us/firefox/addon/1419* ယူပြီး install လုပ်လိုက်ပါ။ နောက်ပြီး Navigation Toolbar right click ပေါ်နှိပ်၊ customize ရွေးပြီး icon လေးဆွဲတင်ပေးလိုက်ပါတယ်။ Icon လေးက သူ့အပေါ်ကို left click လုပ်ရင် လက်ရှိ firefox နဲ့ ပွင့်နေတဲ့ Tab ကို IE နဲ့ပြောင်းမယ်။ Middle click ဆိုရင် နောက်ထပ် Tab တစ်ခုနဲ့ ပြောင်းပြီးပွင့်လာပါလိမ့်မယ်။ Right click ဆိုရင် option dialog box ပေါ်လာပါမယ်။

Gmail account ၂ ခု ပြိုင်ဖွင့်ဖို့ Tab နှစ်ခုနဲ့ https://mail.google.com ကို အရင်ဖွင့်လိုက်ပါ။ IE Tab icon ပေါ်ကို left click နှိပ်လိုက်ပါ။ ဒါဆိုရပါပြီ။ Username password တွေဖြည့်ပြီး ပြိုင်သုံးလို့ရပါပြီ။ *http://www.univer-sefirefox.com/add-ons/internet-explorer-rendering-engine-in-firefox-ie-tab*မိမိ mail တွေကို တခြားတစ်ယောက် မကူးယူစေချင်ရင်

- Seeting/Forwarding and PoP/IMAP ကိုသွားပါ။
- Disable PoP ကို အမှန်ခြစ်ပေးပြီး save changes ကို click လိုက်ရင် Post of Protocol (POP) ကနေ Mail ဝင်ခွင့်ပိတ်လိုက်လို့ရပါတယ်။

## Gmail မှာ Mail တိုက်ရိုက်လက်မခံချင်ရင်၊ ဒါမှမဟုတ် လမ်းကြောင်းလွှဲမယ်ဆိုရင်

ကိုယ့် Gmail ထဲသို့ ဝင်ပါ။ ညာဘက်အပေါ်နားမှာ setting ကို ရှာပါ။ Forward and Pop ကို click ပြီးရွေးပါ။ အဲဒီထဲက autoward နောက်မှာ လမ်းကြောင်းလွှဲမယ့်လိပ်စာကို ရိုက်ထည့်ပါ။



- တစ်သက်လုံးမကြည့်ချင်တာ သေချာတယ်ဆိုရင် Forwarding ထဲက Forward it to ဆိုတဲ့နေရာမှာ ကိုယ့်ဆီပို့သူရဲ့လိပ်စာကို ရိုက်ထည့်ပါ။




## Google Page မှာ ကိုယ်ပိုင်နာမည်လုပ်မယ်

google.myway.com သို့သွားပါ။ ပြီးရင် Enter the text that you want to appear as logo for your google my way click make it button အောက်က ကွက်လပ်မှာ ပြောင်းချင်တဲ့ နာမည်ထည့်ပါ။ ပြီးရင် Make it ကို click လိုက်ပါ။ နောက် This is the URL for your own google myway page စာသားအောက်က ကွက်လပ်မှာ web address ထည့်ပါ။ အဲဒီလိပ်စာကို မှတ်ထားပြီး Go ကို click လိုက်ရုံပါပဲ။

## Party Chat

Paty Chat က gtalk မှာ အုပ်စုဖွဲ့ပြီး chat လို့ရအောင် လုပ်ပေးပါတယ်။ ဒီ party chat ကိုသုံးကာ အုပ်စုဖွဲ့ပြီး chat မယ်ဆိုရင် gtalk ထဲကို login လုပ်ပါ။ ပြီးရင် Partychat@gmail.com ကို invite လုပ်ပါ။ (partychat2၊ partychat3 စတာတွေကိုလည်း လုပ်လို့ရပါတယ်။) *partychat@gmail.com* ဟာ ချက်ချင်း online ဖြစ်နေပါလိမ့်မယ်။ Partychat နဲ့ စကားပြောဖို့ သူ့အပေါ်မှာ နှိပ်ပါ။ ရုပ်ရှင်အကြောင်းပြောကြမယ့် chat channel တစ်ခု ဖန်တီးမယ်ဆိုပါစို့။ /make movies လို့ ရိုက်လိုက်ပါ။ Movies နေရာမှာ ကိုယ်ကြိုက်တဲ့ channel name ဖန်တီးလို့ရပါတယ်။ ဒါဆိုရင် channel လုပ်လို့ ပြီးသွားပါပြီ။ အုပ်စုဖွဲ့ ပြောချင်တဲ့ သူငယ်ချင်းတွေကိုလည်း partychat@gmail.com ကို invite လုပ်ခိုင်းပါ။ သူတို့ကိုတော့ ကိုယ်ဖန်တီးထားတဲ့ channel မှာ ဝင်ပြောနိုင်ဖို့ / join movies လို့ ရိုက်ခိုင်းပါ။

Partychat မှာ ထပ်ပြီးသုံးလို့ရတဲ့ command တွေကတော့ /create chat-name password က party chat တစ်ခု ဖန်တီးဖို့( password ပေးချင်ပါက chat name နောက်မှာ space ပုတ်ပြီး password ပေးနိုင်ပါတယ်။ ) /join chat-name passwordက party chat တစ်ခုကို ဆက်သွယ်ဖို့ဖြစ်ပြီး အဲဒီ chat မှာ password ပေးထားမယ်ဆိုရင် chat-name နောက်မှာ space ပုတ်ပြီး password ထည့်ပြီး enter ခေါက်ပါ။ Party chat ကနေ ထွက်ဖို့ဆိုရင်တော့ / exit လို့ရိုက်ပါ။ Chat ထဲမှာ ရှိနေတဲ့ လူအရေအတွက်ကို ကြည့်မယ်ဆိုရင် /listဖြစ်ပြီး တခြား ကျန်နေတဲ့ command တွေကိုတော့ / commands နဲ့ ကြည့်နိုင်ပါတယ်။




## Tab တွေမလိုတဲ့ Untabbed

နာမည်ကျော် Google ကို အသုံးပြုပြီး ရှာဖွေတဲ့အခါ ပြန်ရလာတဲ့ ရှာဖွေမှုရလဒ်တွေကို Tab တစ်ခုခြင်းစီနဲ့ ဖွင့်လှစ်ကြည့်ရှုနေရတဲ့ ဒုက္ခက ကင်းဝေးစေဖို့ စိတ်ဝင်စားဖို့ကောင်းတဲ့ website ပါ။

Untabbed ဟာ Google ရဲ့ နည်းပညာကို ရယူလွှင့်တင်ထားတဲ့ search engine website တစ်ခုဖြစ်ပြီး သူ့ရဲ့ထူးခြားချက်က ကိုယ့်ရှာဖွေမှုရလဒ်တွေကို Tab ပေါင်းစုံနဲ့ ဖွင့်လှစ်နေစရာမလိုဘဲ ရလဒ်တစ်ခုချင်းစီကို စာမျက်နှာတစ်ခုတည်းမှာတင် window အသေးလေးတွေကိုယ်စီနဲ့ စိတ်တိုင်းကျ ဖွင့်လှစ်




ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

Untabbed မှာ ကိုယ့်ရဲ့ ရှာဖွေမှုရလဒ်တွေကို Tab တစ်ခုချင်းစီနဲ့ ဖွင့်နေရတဲ့ ဒုက္ခကင်းဝေးပြီး တကယ့် website အတိုင်း စာသားတွေ မှတ်ယူနိုင်၊ link တွေကို click နှိပ်နိုင်သလို new tab အနေနဲ့လည်း ပြောင်းလဲကြည့်ရှုနိုင်ပါတယ်။ *(www.untabbed.com)*

## Google Reader နဲ့ မြန်မာ blog များ ဖတ်ချင်ရင်

- Firefox မှာ Tools > Content > Fonts and colors မှ Advanced> sans-serif ကို zawgyi-one ပြောင်းပါ။
- http://www.google.com/reader/view/ ကို သွားပါ။ စာဖတ်သူရဲ့ gmail username and password နဲ့ ဝင်ပါ။
- Add subscription ကို နှိပ်ပါ။ ပေါ်လာတဲ့ box မှာ စာဖတ်သူဖတ်ချင်တဲ့ blog လိပ်စာကို ရိုက်ပါ။ ဥပမာ– bloggerlay.blogspot.com လို့ရိုက်ပါ။ အဲဒီလိုနည်းနဲ့ ကိုယ်

ဖတ်ချင်တဲ့ blog လိပ်စာကို ရိုက်ပါ။ အဲဒီလိုနည်းနဲ့ ကိုယ်ဖတ်ချင်တဲ့ blog တွေကို တစ်ခုချင်း add subscription နဲ့ ထည့်ပါ။ ပြီးရင် ဖတ်လို့ရသွားပါပြီ။ Blog post တွေကို offline ဖတ်ချင်ရင်တော့ Google gear ကိုသွင်းပါ။




## Connection မကောင်းတဲ့ ဒေသမှာ အသုံးတည့်မယ့် နည်းပညာတစ်ခု

ရာသီဥတုကြောင့်၊ computer တွေ loading ဝိုင်းဆွဲနေတာကြောင့် စတဲ့ ဘယ်လိုအကြောင်းတွေကြောင့်ပဲဖြစ်ဖြစ် internet နှေးကွေးလေးလံနေတဲ့အခါမျိုးမှာတောင် သုံးလို့ရပါတယ်။ သူက Gmail ကို loading ဆိုပြီးစောင့်နေရတဲ့ အချိန်အတောအတွင်းမှာ ကိုယ့် Inbox ထဲမှာ ဘယ်သူ့ဆီက ဘယ်လိုအရေးကြီးတဲ့စာတွေရောက်နေသလဲဆိုတာကို ကြိုပြီးဖော်ပြပေးမယ့် feature လေးပါပဲ။ ဒါကြောင့် မိုးလင်းတာနဲ့ email စစ်၊ ပြီးမှ ဝင်စာတွေ အရေးကြီးရင်ကြီးသလို ဆုံး ဖြတ်ပြီး အလုပ်ဆက်လုပ်ရမယ့် လူတွေအတွက်တော့ အဆင်ပြေသွားပြီလို့ ဆိုနိုင်ပါတယ်။ ဒီ feature လေးကြောင့် gmail ကို ဘယ်လိုမှ ဖွင့်လို့မရလို့ ဘာစာရောက်နေမှန်းမသိ၊ ဘာမှလည်း မလုပ်နိုင်ဘဲ တစောင့်စောင့်လုပ်နေရတဲ့အဖြစ်မျိုး မဖြစ်နိုင်တော့ပါဘူး။ Gmail ကို loading လုပ်နေချိန်မှာ ကိုယ့်ဆီကို နောက်ဆုံးရောက်နေတဲ့ စာဆယ်စောင်ကို ဖော်ပြပေးပါလိမ့်မယ်။ ကိုယ့်ရဲ့တကယ့် Inbox မြင်ကွင်းကို ကြိုကြည့် လို့ရတဲ့ သဘောပါပဲ။

သုံးချင်တယ်ဆိုရင်တော့ Gmail>Labs ထဲကိုဝင်ပါ။ Labs ထဲရောက်ရင် Inbox preview ကို ရှာပြီး enable လုပ်လိုက်ရုံပါပဲ။ ဒါ့အပြင် မိတ်ဆွေတို့အနေနဲ့ loading တက်လာတာကို ပြန်ထွက်ချင်ရင် ထွက်လို့ရအောင် preview နဲ့အတူ sign out button ကိုပါ တစ်ပါတည်း ထည့်ပေးထားပါတယ်။ တကယ်လို့ ဒီနည်းလေးကို မသုံးချင်တော့ဘူး ဒီအတိုင်းပဲထား တော့မယ် loading လုပ်နေရင်လည်း စာတွေကို ကြိုပြီး မကြည့်ချင်ဘူးဆိုရင်လည်း Labs ထဲက Inbox Preview မှာ disable လုပ်လိုက်ရုံပါပဲ။




## အသုံးဝင်လှတဲ့ Google ရဲ့ဝန်ဆောင်မှုတစ်ခု : Site Map Google

ကိုယ်က blog တစ်ခု ဆောက်ထားမယ်။ Site တစ်ခု ရေးထားမယ်။ အဲဒီလို ကိုယ်လွှင့်တင်ထားတဲ့ site တွေအတွက် google ကို ဘယ်နေရာမှာ အသုံးချမလဲ။ Google က ဘယ်လို အထောက်အပံ့ပေးထား လဲဆိုတဲ့အပိုင်းကို ပြောချင်ပါတယ်။

Google Analytics က ကိုယ့် site ကို ဘယ်နှယောက် သုံးတယ်၊ ဘယ်နေရာမှာသုံးတယ် စတဲ့ အချက်တွေကို graph တွေနဲ့ ပြပေးမှာဖြစ်ပါတယ်။ အဲဒီလို google ကို ဆက်သွယ်နိုင်ဖို့ကိုယ့် site ထဲမှာ google ကဆက်သွယ်လို့ရအောင် code block




တစ်ခုကူးထည့်ဖို့ လိုပါလိမ့်မယ်။ အဲဒီလို code block တစ်ခု ကူးထည့်လိုက်တာနဲ့ ကိုယ့် site ထဲကို ဘယ်နှယောက်ဝင်ကြည့်တယ်။ ဘယ်နိုင်ငံကဝင်ကြည့်တယ် စသဖြင့် သိနိုင်မှာဖြစ်ပါတယ်။ အင်မတန်အသုံးဝင်တဲ့ google ရဲ့ အခမဲ့ feature တစ်ခု ဖြစ်ပါတယ်။ Wordpress မှာဆိုရင်တော့ အဲဒီလို google analytics အတွက် အသင့်သုံးလို့ရမယ့် အရာတွေ ရှိပါတယ်။

## Google Web Master Central

ဒါကတော့ google မှာတင်မကပါဘူး။ ကျန်တဲ့ Bing တို့ Yahoo တို့မှာလည်း ကိုယ်ဆီရှိကြပါတယ်။ Google Web Master Central ဆိုတာ ဘာလဲဆိုတဲ့ မေခွန်းရဲ့ အကောင်းဆုံးအဖြေကတော့ google က ကိုယ့် site ကို ဘယ်လိုနားလည်လည်းဆိုတဲ့ အချက်ကို သိနိုင်ဖို့ဖြစ်ပါတယ်။ အဲဒီအတွက် XML site map ဆိုတဲ့ google search bot အတွက် မြေပုံတစ်ခု ကိုယ့် site ရဲ့ root ထဲမှာလည်း တည်ဆောက်ပေးထားဖို့ လိုပါတယ်။ မြေပုံမပါဘဲ ခရီးသွားခိုင်းတာထက် မြေပုံလေးပေးလိုက်တော့မှ ဘယ်နေရာဘာတွေ ရှိတယ်ဆိုတာ လွယ်လွယ်နဲ့သိနိုင်သလိုမျိုးပေါ့။

အဲဒီလို မြေပုံတစ်ခုကို wordpress မှာ ဆောက်ချင်တယ်ဆိုရင်တော့ XML site map generate လုပ်ပေးနိုင်တဲ့ plug-in တစ်ခုထည့်ပေးထားပြီး တည်ဆောက်ပေးနိုင်ပါတယ်။ အများစုသတ်မှတ်ထားတဲ့ file နာမည်ကတော့ sitemap.xml ဆိုတဲ့ file ပါပဲ။ Site map ကို သီးသန့်တည်ဆောက်ပေးနိုင်တဲ့ software တွေလည်းရှိပါတယ်။ ဥပမာ အနေနဲ့ဆိုရင် A1 SiteMap Generator လိုမျိုးပါ။ အဲဒီလို sitemap.xml ကို Google web master central မှာ သွားညွှန်းပေးရပါတယ်။ အဲဒီလို ညွှန်းပေးတာနဲ့ပဲ ကိုယ့် site ကို google မှာဘယ်လိုရှာပြီး ဝင်လာကြတယ်ဆိုတာတွေ ကိုယ့် site မှာ ဘယ် keyword က အရှာအများဆုံးဖြစ်တယ်ဆိုတာတွေ ကြည့်လို့ရပါတယ်။ အင်မတန်အသုံးဝင်တဲ့ google ရဲ့ အခမဲ့ ဝန်ဆောင်မှု တစ်ခုပါ။

## Gtalk Theme

Gtalk မှာ animation တွေတင်ပြီး background ပုံပြောင်းဖို့ဖြစ်ပါတယ်။ *www.mediafire.com/?cdgoycwl grl* ကနေ download ယူနိုင်ပါတယ်။ Install လုပ်ပြီး Gtalk / Setting / Appearance မှာ My Theme ကို ရွေးပါ။ Background ပုံကိုတော့ Start/Programs/Dash/My Theme/Change Background ကနေ ပြောင်းလို့ရပါတယ်။ ပုံတွေကိုမကြိုက်ရင် Software ရှိတဲ့ နေရာဆီသွားပြီး ထည့်လို့ရပါတယ်။

## Gtalk She 10

Gtalk မှာ ပုံတွေကို အလိုလိုပြောင်းတဲ့ Software ဖြစ်ပါ



တယ်။ Background မှာလည်း ပုံပြောင်းလို့ရပါတယ်။ *www.mediafire.com/?k3gucoje0jy* ကနေ download ရနိုင်ပါတယ်။

Install လုပ်ပြီးရင် sheel ဆိုတာလေး ထပ်ပေါ်ပါလိမ့်မယ်။ အဲဒီက sheel/Avator/Setting/Avator မှာ ကိုယ်ပေါ်ချင်တဲ့ ပုံစံလေးတွေကို add လုပ်ပါ။ အဲဒီမှာ Time Interval ကိုလည်း ရွေးလို့ရပါတယ်။ နောက်ပြီး gtalk ကို auto hide လုပ်ထားလို့လည်း ရပါတယ်။ သတိထားရမှာက gtalk ဖွင့်ရင် gtalk sheel ဆိုတဲ့ gtalk icon ကနေစပြီးဖွင့်ပါ။ အချိန်တိုတိုအတွင်းမှာ စာရိုက်နေရင်းနဲ့ ပုံတွေခဏခဏ ပြောင်းနေရင်တော့ စာရိုက်လို့ မရဖြစ်နေနိုင်ပါတယ်။

## GTalk မှာ invisible chat လုပ်မယ်

Gmail ကနေ Invisible နဲ့ chat တာလေးပါ။

ပထမဆုံး gmail account ရှိရာကို သွားပါ။ ပြီးရင် contact အောက်မှာ custom message ရိုက်တဲ့နေရာလေး




ရှိပါတယ်။ အဲဒီနေရာလေးမှာ Invisible ဆိုတာ ရှိပါတယ်။ အဲဒါလေးကို click ထားပြီး chat ရင် တစ်ဖက်လူက ကိုယ့်ကို offline အနေနဲ့ပဲ မြင်ရမှာပါ။ Invisible နဲ့ chat ဆိုရင်တော့ gtalk ကို ပိတ်ထားရပါလိမ့်မယ်။

## GTalk မှာနားဆင်ချင်တဲ့ သီချင်းပေါ်ချင်ရင်

Windows media player ကို သွားပြီး ကိုယ်နားထောင်ချင်တဲ့ သီချင်းလေးကို ဖွင့်ထားပြီး view menu>plug-in>ption>background ကို click လုပ်လိုက်ပါ။ Google talk music plug-in ကို check လုပ်ထားရပါမယ်။ Gtalk ရဲ့ status message နေရာမှာ show current music track ကို ရွေးလိုက်ရင် ရပါပြီ။

## GTalk အား install မလုပ်ဘဲ အသုံးပြုခြင်း

တချို့စက်တွေက ဘယ် software ကိုမှ install လုပ်လို့ မရအောင် ပိတ်ထားကြပါတယ်။ အဲဒီလိုဆိုရင် စက်မှာ gtalk မရှိရင် chat လို့ မရတော့ဘူး။ Gmail ကတစ်ဆင့် chat မှပဲ ရပါတယ်။ အဲလိုမလုပ်ဘဲ gtalk ကနေ chat ချင် တယ်ဆိုရင် လုပ်နိုင်တဲ့နည်းရှိပါတယ်။




ပထမဆုံး gtalk ကို install လုပ်ထားတဲ့ စက်က gtalk icon ပေါ်မှာ right click ထောက်ပြီး properties ထဲဝင်ပါ။ Find target ကို နှိပ်ပါ။ Gtalk Icon လေးကို တွေ့ရပါမယ်။ အဲဒါကို ကူးယူပြီး stick၊ ဒါမှမဟုတ် CD ထဲမှာ သိမ်းပါ။ ကိုယ်သုံးချင်တဲ့ စက်ထဲကို gtalk icon လေး သွင်းပြီးရင်တော့ chatting လုပ်နိုင်ပြီဖြစ်ပါတယ်။

အခု နောက်ဆုံးအနေနဲ့ mail ထဲမှာ shortcut တွေကိုသုံးပြီး အလုပ်လုပ်နိုင်ဖို့ ဖော်ပြပေးချင်ပါတယ်။

## GTalk account တစ်ခုထက်မက ဖွင့်ချင်ရင် ...

GTalk shortcut icon ပေါ်မှာ right click နှိပ်ပြီး properties box ပွင့်လာရင် C:\link ရဲ့နောက်မှာ \noumtex ဆိုတာကို ထည့်ပေးလိုက်ပါ။

## Keyword

Mouse ကိုမကိုင်ဘဲ keyboard ကနေတဆင့် gmail ရဲ့ လုပ်ငန်းဆောင်တာအများအပြားကို လုပ်ကြည့်ကြရအောင်ပါ။ Setting ထဲက general function ရဲ့ keyboard shortcut မှာ on check box ကို နှိပ်ပါ။ ဒါဆိုရင် keyboard နဲ့ gmail ဟာ ချိတ်ဆက်ပြီးသွားပြီဖို့ ဇယားမှာ ဖော်ပြထားတဲ့ key တွေကို သုံးကြည့်နိုင်ပါပြီ။

| Key | Command | Action |
|---|---|---|
| C | စာပို့ပါလိမ့်မယ်။ | • Compose ဆိုတဲ့ Box ထဲကို ရောက်မည်။<br>• Shif + C ဆိုရင်တော့ New Windows ပေါ်လာပြီး စာပို့ဖို့ အသင့်ဖြစ်နေပါလိမ့်မယ်။ |
| Y | ရှာဖွေမယ်။ | • Cursor ကို Search Mail Box မှာ ထားပေးမယ်။ |
| K | Conversation အသစ်ကို ရွှေ့ပေးမယ်။ | • Message တွေ စုစည်းထားတဲ့အတွက် နောက်ထပ် Conversation ဆီကို အရောက်မှာ enter ခေါက်ပြီး ဖွင့်နိုင်။ |
| J | Conversation အဟောင်းဆီသို့ နေရာရွှေ့ပေးမယ်။ | • ယခင်ကြည့်သော Previous Message ဆီသို့ရောက်မည်။ Enter နှိပ်ပြီးဖွင့်နိုင်၊ ကြည့်နိုင်တယ်။ |
| N | Next Message | • Conversation တစ်ခုအတွင်းမှာရှိတဲ့ Message အသစ်ဆီသို့ ရောက်နိုင်တယ်။ |
| O | Open | • Conversation ကိုဖွင့်ပေးတယ်။ |
| U | Return | • Page ကို Refresh ပြန်လုပ်ပေးမယ်။ Inbox ဆီသို့ ပြန်ရောက်နိုင်တယ်။ |
| Y | Archive Remove Current | • လုပ်ဆောင်ချက်အများအပြားရှိပါတယ်။<br>• Inbox ထဲမှာဆိုရင် Y ဟာ Archive လုပ်ပေးမယ်။<br>• Starred ထဲမှာ Y က Unstar လုပ်တယ်။<br>• Label ထဲမှာဆိုရင် Y ဟာ Label ကို Romove လုပ်မယ်။<br>• Spam, Sent, All Mail ထဲမှာဆိုရင် Y က အလုပ် မလုပ်ပါ။ |
| X | Select Conversations | • Archive လုပ်ဖို့၊ အသုံးချဖို့၊ drop 1.1 down menu သွားဖို့ X က အဆင်သင့်ဖြစ်နေမယ်။ |
| S | Star | • Message သို့ Conversation ကို Star ပြပေးမယ်။ |
| ! | Report Spam | • မလိုလားအပ်တဲ့ Message တွေကို Report Spam Box ထဲကို ထည့်ပေးမယ်။ |
| R | Reply | • Message ပို့လာသူဆီကို အကြောင်းပြန်မယ့် Reply လုပ်ဆောင်ချက်ကို ဖွင့်မယ်။<br>• Shift + R ဆိုရင် New Window မှာဖွင့်မယ်။ |
| A | Reply All | • လက်ခံမယ့်သူအားလုံးကို အကြောင်းပြန်ဖို့ Reply All ကိုဖွင့်ပေးမယ်။<br>• Shift + A ဆိုရင် New Window မှာဖွင့်မယ်။ |
| F | Foward | • Mail ကို Forward လုပ်ပေးဖို့ဖွင့်ပြတယ်။<br>• Shift + F ဆိုရင် New Window မှာဖွင့်မယ်။ |
| Esc | Current Remove | • ဘယ်နေရာကိုပဲရောက်နေနေ Input Field ကို ပျောက်စေတယ်။ |
| Tab (then)Enter | Send | • Compose Field ထဲမှာ စာရေးပြီးသွားရင် Tab ကို သုံးပြီးနှိပ်ပါ။<br>• ဒါဆိုရင် Send လုပ်ဖို့နဲ့ အတူတူပါပဲ။ |
| g (then) S | Go to Starred | • Starred Box ဆီသို့ သွားပေးတယ်။ |
| g (then) C | Go to Contacts | • Contacts List ဆီသို့သွားတယ်။ |
| g (then) D | Go to Drafts | • Draft ဆီသို့ သွားပြီး Save လုပ်ပေးတယ်။ |
| g (then) I | Go to Inbox | • Inbox ဆီသို့ ပြန်တယ်။ |

ကျော်ကျော်ထူး (NCC ၊ Network Diploma)



# iPhone ရဲ့ စွမ်းဆောင်ရည်ကို မြှင့်ပေးမယ့်အချက် 16 ချက်

iPhone ရဲ့ iOS 4.3 မှာ အခြေခံ ပါဝင်မှုတွေထက် တခြား သာလွန် ကောင်းမွန်တဲ့ shortcut တွေ ရှိနေပါသေးတယ်။ အခုအချိန်မှာ iOS 5 ထွက်ပေါ် လာပြီ ဖြစ်ပေမယ့် လက်ရှိ iPhone 4 user တွေ ထဲမှာ အကြောင်းကြောင်းကြောင့် ချက်ချင်း upgrade မလုပ်နိုင် သေးသူတွေအတွက်အဆင်ပြေအောင် iPhone ရဲ့ လုပ်ဆောင်ချက်ကို ထပ်ဆင့်တိုးပေးနိုင်မယ့်အချက် ၁၆ ချက်ကို ဖော်ပြလိုက်ပါတယ်။ >>

## Double-Tab

ကိုယ့်ရဲ့ iPhone က lock ဖြစ်နေတယ်ဆိုရင်တောင်မှ audio control တွေကို access လုပ်နိုင်ဖို့ lock screen ပေါ်လာတဲ့အခါမှာ home button ကို နှစ်ချက်ဆင့်နှိပ်လိုက်ပါ။ ဒါဟာ phone ကို lock ပြန်ဖြည့်ရတဲ့ အချိန်တွေကို သက်သာစေတာပဲ ဖြစ်ပါတယ်။ Apple ရဲ့ iPod app မှာလည်း ဒီလုပ်ဆောင်ချက်ကို အသုံးပြုနိုင်ပါတယ်။ ကိုယ်က Pandora ကို သုံးနေတယ်ဆိုရင်တောင်မှ သုံးနိုင်ပါတယ်။

## Voice access

နောက်တစ်ခုကတော့ voice access ပါ။ ကိုယ့်ရဲ့ phone locked ဖြစ်နေတဲ့အခါမှာ home button ကို ဖိပြီး ကိုင်ထားလိုက်ရင် phone ခေါ်ဆိုမှုလုပ်ဖို့ voice control လုပ် အသုံးပြု







နိုင်ပါတယ်။ iPhone ရဲ့ တခြား လုပ်ဆောင်ချက်တွေကိုလည်း voice command ပေးကာ အသုံးပြုနိုင်စေပါတယ်။

## Tell time

ကိုယ့်ရဲ့အသံနဲ့ phone နံပါတ်တစ်ခုကိုခေါ်တာ၊ ဒါမှမဟုတ် နာမည်ပေးထားတဲ့ ("Dial Mon, mobile") စတဲ့ ပုံစံနဲ့ အသံကို အသုံးပြုခေါ်ဆိုနိုင်ပါတယ်။ ပြီးတော့ သီချင်းတွေကိုလည်း အသံနဲ့ အမိန့်ပေးကာ ဖွင့်နားထောင်နိုင်ပါတယ်။

ပြီးတော့ "What time It is?" ဆိုတာမျိုးပြောကာ အချိန်ဘယ်လောက်ရှိပြီလဲဆိုတာကို မေးနိုင်ပါတယ်။ ဒါဆိုရင် ဘယ်အချိန်ဆိုတာကို phone က ပြန်ပြောပေးမှာပါ။ ဒီလိုလုပ်တာက နည်းနည်းတော့ အူကြောင်ကြောင်နိုင်ပေမယ့် လုံးဝမအားတဲ့အချိန်မှာတော့ အသုံးဝင်နိုင်ပါလိမ့်မယ်။

## Shortcut to search

ကိုယ့်ရဲ့ home screen ရဲ့ ညာဘက်ကိုပွတ်ဆွဲပြီး search Windows ကို ရှာဖွေနိုင်ပါတယ်။ ဒီနေရာမှာ ကိုယ်ရှာနေတဲ့ စကားလုံးပါတဲ့ contact ၊ app ၊ email ၊ calendar ၊ appointment နဲ့ media တွေကို ဆွဲထုတ်နိုင်ပါလိမ့်မယ်။

ဒါ့ပြင် ကိုယ့်ရဲ့ search screen ဟာ google ရဲ့ wikipedia shortcut တွေကိုလည်း ပေးထားပါတယ်။ ကိုယ်ရှာလိုက်တဲ့ စကားလုံးတိုင်းရဲ့ နောက်ဆုံးအဖြေနှစ်ခုက "Search the web" နဲ့ "Search wikipedia" တို့ဖြစ်တာကြောင့် browser ကို သပ်သပ်သွားဖွင့်ပြီး ရိုက်ထည့်ကာ ရှာရတဲ့အချိန် သက်သာသွားပါတယ်။

## Force-quit app

ကိုယ့်ရဲ့ phone ဖွင့်ထားတဲ့အချိန်မှာ home button ကို double tap လုပ်လိုက်တာက မကြာသေးခင်က ကိုယ်သုံးထား








ခဲ့တဲ့ app တွေပါတဲ့ panel တစ်ခုကို ဖော်ပြစေပါတယ်။ဒီလို လုပ်လိုက်ရင် ကိုယ့်ရဲ့ screen ပေါ်မှာရှိတဲ့ app တွေကို ရပ်သွားစေမှာဖြစ်ပါတယ်။ ပေါ်နေတဲ့ screen ကို ဘယ်ဘက်ကို switch လုပ်ပြီးလည်း အသုံးပြုခဲ့ချိန်အလိုက် ပြောင်းပြန်ပြန်စီထားတဲ့ app ကို အလျင်အမြန် ရှာနိုင်ပါတယ်။

## Music shortcut

ကိုယ့်လက်ရှိသုံးနေတဲ့ app screen ကို ညာဘက်ကို swipe လုပ်လိုပ်တဲ့အခါ ရှေ့မှာ မကြာသေးခင်ကသုံးခဲ့တဲ့ app တွေကို တွေ့မှာပါ။ ပြီးရင် music shortcut ကိုလည်း တွေ့နိုင်ပါတယ်။။ Apple ရဲ့ wireless audio feature ဖြစ်တဲ့ AirPlay ကို ထိန်းချုပ်နိုင်တဲ့ ခလုတ်တစ်ခုကို လည်း တွေ့ရမှာဖြစ်ပါတယ်။ ပြီးတော့ screen rotation lock ခလုတ်နဲ့ကို လည်း










သုံးနိုင်ပြီး အဲဒီ screen ရဲ့ ညာဘက်ကို swipe လုပ်လိုက်ရင် volumen control ပေါ်လာမှာဖြစ်ပါတယ်။

## Volume lock

ကိုယ့် phone ရဲ့ volume ကို ကန့်သတ်ထား လို့ရပါတယ်။ Setting ထဲက iPod ဆိုတာကို ကိုရွေးပါ။ အဲဒီထဲက volume limit အောက်မှာ အမြင့်ဆုံး volume ကို ကန့်သတ်ထားပေးလိုက်ပါ။ ပြီးရင် lock code ပေးပြီး lock လုပ်ထားလို့ရပါတယ်။ အဲဒီ volume အတွက် lock code က phone တစ်ခုလုံးကို lock လုပ်ဖို့ပေးထားတဲ့ code နဲ့တော့ တူလို့မရပါဘူး။

## Save web images

Safari က webpage တွေကိုကြည့်နေတုန်း စိတ်ဝင်စားစရာကောင်းတာတွေ့လို့ phone ထဲမှာ သိမ်းထားချင်စိတ်ပေါ်ခဲ့ရင် အဲဒီပေါ်က image တစ်ခုခုကို tap လုပ်ပြီး ဖိထားလိုက်ပါ။ ဒါဆိုရင် camera roll ထဲမှာပဲ သိမ်းမလား၊ clip-board ပေါ်ကိုပဲ copy ကူးယူမလားဆိုတာကို ရွေးချယ်လို့ရစေမယ့် button တွေ ပေါ်လာပါလိမ့်မယ်။

## Find words

Safari ရဲ့ search bar က site တွေသာမကဘဲ webpage မှာပါတဲ့ word ၊ ဒါမှမဟုတ် phrase တွေကိုလည်း ရှာဖွေနိုင်ပါတယ်။ ကိုယ်ရှာချင်တဲ့ term ကို search bar ကနေ ရှာလို့ရပါတယ်။ သူပြပေးလာတဲ့ page ရဲ့ အောက်ဆုံးကို scroll လုပ်ကာ "On This Page" ဆိုတာကို tap လုပ်ပြီး ကိုယ်ရှာခိုင်းတဲ့ စကားလုံးကို လက်ရှိ page ပေါ်မှာ ကြည့်နိုင်ပါတယ်။






## Multiple keyboards

Phone ရဲ့ keyboard မှာ တခြား ဘာသာစကားတွေ ထည့်ပေါင်းချင်တယ်ဆိုလည်း ပေါင်းလို့ရပါတယ်။ ဒီလိုလုပ်ဖို့ ဆိုရင် setting ထဲက general ထဲက keyboard ထဲက international keyboard ကို ရွေးရမှာဖြစ်ပါတယ်။ ကိုယ်ကြိုက်သလောက် keyboard တွေ အဲဒီမှာ ပေါင်းထည့်နိုင်ပါတယ်။ နောက်တစ်ကြိမ် keyboard ကို ခေါ်ယူအသုံးပြုတဲ့အခါမှာ space bar ဘေးမှာ globe icon ပါတဲ့ button သေးလေးတစ်ခု တွေ့ရမှာဖြစ်ပါတယ်။ အဲဒီ button ကို နှိပ်ပြီး ကိုယ်ကြိုက်တဲ့ ဘာသာစကားကို ပြောင်းသုံးနိုင်ပါတယ်။

## Accent marks

Plain-Jane United States English keyboard မှာ accent mark ဆိုပြီး ပါဝင်ပါတယ်။ အဲဒါက အက္ခရာတစ်လုံးကို




ဖိပြီး ကိုင်ထားလိုက်ရင် အဲဒီအက္ခရာရဲ့ အသံထွက်ကို ဘယ်လို ထွက်မယ်ဆိုတာကို အမှတ်အသားပြုလုပ်နိုင်ပါတယ်။ (ဥပမာ– 'E' ကို È၊ É၊ Ê၊ Ë စသဖြင့်)

## Quick erase

စာရိုက်နေတုန်း မှားသွားခဲ့ရင်ခဲ့ရင် iPhoneကို လှုပ်ပြီး undo ပြုလုပ်နိုင်ပါတယ်။

## Wi-Fi AIOFT

Wi-Fi တွေ နေရာကာမှာ ရလာနေပေမယ့် လေယာဉ်ပေါ် ရောက်ရင်တော့ ဘယ်လိုမှ သုံးလို့မရပါဘူး။ ဘာလို့လဲဆိုတော့ cellphone တွေကို ပိတ်ထားရလို့ပါပဲ။ ဒီ iPhone မှာတော့ airplane mode ပါဝင်လို့ လေယာဉ်ပေါ်မှာတောင် အသုံးပြုနိုင်ပါတယ်။

## Screen Grab

Home နဲ့ sleep button ကို တစ်ပြိုင်နက်တည်း နှိပ်ပြီး iPhone ရဲ့ display ပေါ်က ဘယ်လိုပုံမျိုးကိုမဆို camera roll ထဲမှာ သိမ်းလို့ရစေပါတယ်။ ဒါက screen shot ဖမ်းတာနဲ့ ဆင်တူတယ်လို့ ပြောနိုင်ပါတယ်။

## Forward and rewind

သီချင်းနားထောင်နေတာပဲဖြစ်ဖြစ်၊ video ကြည့်နေတာပဲဖြစ်ဖြစ် progress bar ပေါ်မှာ လက်နဲ့ ဘယ်ညာ ရွှေ့တာက အရှေ့နဲ့ အနောက် ပြန်ရစ်တာဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲ ကိုယ့်ရဲ့ လက်ချောင်းတွေနဲ့ အပေါ်အောက် slide လုပ်မယ်ဆိုရင်တော့ မတူညီတဲ့နှုန်း အရှေ့နဲ့အနောက် ပြန်ရစ်လို့ရမှာဖြစ်ပါတယ်။

## Restart



တကယ်လို့ ကိုယ့် phone ဟာ ထစ်အထစ်အနဲ့ နှေးကွေးတုံ့လေးနေခဲ့မယ်ဆိုရင် အဲဒီပြဿနာကို ဘယ်လိုဖြေရှင်းပြမလဲ။ အဲဒီလိုဖြစ်တဲ့အခါမှာ home button နဲ့ sleep button ကို phone power လုံးဝပိတ်သွားပြီး screen မှာ Apple logo ပေါ်လာကာ restart ပြန်ဖြစ်တဲ့အထိ ဖိနှိပ်ထားလိုက်ပါ။ Apple ရဲ့ logo screen ပေါ်မှာ ပြန်ပေါ်မလာခင်အထိ ကိုယ်ဖိနှိပ်ထားတဲ့ button တွေကို မလွှတ်ပါနဲ့ဦး။

အောင်ရဲမောင်မောင်

# ထိပ်တန်းနည်းပညာပြောင်းလဲမှု ၁၀ ခု





IT ရဲ့ မြန်ဆန်တဲ့ ပြောင်းလဲမှုတွေဟာ အန္တရာယ်ရှိလောက်အောင် ရွေ့လျားနေပါတယ်။ တိကျတဲ့ သတ်မှတ်ချက်မရှိသေးပေမယ့် အနာဂတ် IT လောကကို လွှမ်းမိုးထားနိုင်မယ့် နည်းပညာတွေကိုရရှိနေဖို့ကြိုးစားအားထုတ်နေရမှာပါပဲ။ Genetic Engineering တို့၊ open source computing တို့လို အရေးပါတဲ့ နည်းစနစ်မျိုးလိုတော့ သေချာတဲ့ စာရင်းမျိုးတွေ ထုတ်ဖော်မပြနိုင်သေးပါဘူး။ သေချာတာက လက်ရှိစနစ်တွေထက် သာလွန်ကြီးမြတ်တဲ့ IT စနစ်ကို အခြေချမိနေပြီဆိုတာပါပဲ။ »



ဒီအယူအဆတွေကို အရင်းတည်ပြီး ထိပ်တန်း computer နည်းပညာလမ်းကြောင်း ၁၀ ခုကို ထုတ်ဖော်တင်ပြလိုက်ပါတယ်။

## ❶ Power Computing

အနာဂတ်မှာ ရှုပ်ထွေးခက်ခဲလှတဲ့ အသုံးချမှုတွေကို တွက်ချက်နိုင်ဖို့ silicon နယ်ပယ်ကို ဖောက်ထွက်ရပါလိမ့်မယ်။

## ❷ Intelligent IT

တွက်ချက်လုပ်ဆောင်မှုတွေအတွက် အင်အားတစ်ခုတည်းနဲ့ မရတော့ပါဘူး။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ပြီး သားနားတဲ့ ပညာရှင်တွေနဲ့ သားနားတဲ့ computer တွေကို အသုံးပြုလာရပါလိမ့်မယ်။

## ❸ Advanced Internet

Internet နည်းပညာက ကမ္ဘာကြီးကို မှန်တိုင်းဆင်နေပါပြီ။ ရပ်နားလို့ မရတော့ပါဘူး။ စံသတ်မှတ်ချက်အသစ်တွေနဲ့ အသုံးချမှုအသစ်တွေက နောက် internet မျိုးဆက်သစ်ကိုမွေးထုတ်လာပါလိမ့်မယ်။ ပိုပြီးလည်း အစွမ်းထက်လာပါမယ်။

## ❹ Bandwidth Boom

Multimedia စနစ် ပိုမိုဖွံ့ဖြိုးလာဖို့ IT စနစ်မှာ ကြိုးနဲ့ဆက်သွယ်ရေး၊ ကြိုးမဲ့ဆက်သွယ်ရေးတွေ ပိုအစွမ်းထက်ဖို့ လိုလာပါပြီ။ ဒါကြောင့် IT အခြေခံ အဆောက်အအုံဖြစ်တဲ့ လိုင်းတွေချဲ့လာရမယ်။ Bit တွေ ပိုပြီးသုံးလာရပါလိမ့်မယ်။

## ❺ Mobile Computing

ခရီးသွားလာရင်း တွက်ချက်ရတဲ့ အလုပ်ဟာ စည်းစိမ်ခံစားနေတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီနေ့ခေတ်တိုးပွားနေတဲ့ အဆက်အသွယ်ကြားမှာ အဲဒါက လိုအပ်ချက်ဖြစ်လာပါပြီ။

## ❻ Telecommunications Surge

ဆက်သွယ်ရေးနဲ့ တွက်ချက်မှုတွေ စုစည်းမိသွားတာ ကောင်းမွန် ဖြစ်ထိုက်ပါတယ်။ ဆက်သွယ်မှုအခြေခံအဆောက်အအုံတွေဟာ အနာဂတ် IT နယ်ပယ်မှာ အဓိက အခန်းက ပါရှိလာပါလိမ့်မယ်။

## ❼ Visual Age

စာတွေနဲ့ပဲ ပုံဖော်တဲ့နေ့ရက်တွေ ကျန်ခဲ့ပါပြီ။ ရုပ်ပြပုံဖော်တဲ့ပစ္စည်းတွေ တောင်းဆိုမှုများလာနေပါပြီ။ အရည်အသွေးမြင့် ရုပ်ပြပုံဖော်တဲ့ နည်းပညာမျိုးစုံ လိုအပ်နေပါပြီ။

## ❽ Thin Server Technologies

သေးငယ်တဲ့၊ ဝန်ပေါ့တဲ့ပစ္စည်းတွေက အကောင်းဆုံးဖြစ်နေပါပြီ။ ဒါကြောင့် server တွေနဲ့ အလုပ်လုပ်တဲ့ကာလဖြစ်လာပါပြီ။ ကောင်းကောင်းမွန်မွန်လည်း လုပ်ဆောင်နိုင်လာကြပါပြီ။

## ❾ Relationship Management

Digital ခေတ်မှာ စီးပွားရေးလုပ်ငန်းတွေ ပိုပြီးဖွံ့ဖြိုးလာနေကြပါပြီ။ လူတွေနဲ့ အဖွဲ့အစည်းတွေ ဆက်စပ်ပတ်သက်မှုသရုပ်ကို IT က အဓိက ဖြည့်ဆည်းပေးနေပါတယ်။

## ❿ Humanised Computing

လူတွေရဲ့ နေ့စဉ်ဘဝထဲမှာ IT အသုံးပြုမှုတွေက စိမ့်ဝင်ပြန့်နှံ့နေပါပြီ။ ဒီထဲမှာ computer တွေက လူ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေ မှတ်သားသိရှိမှု၊ အသံမှတ်သားထားမှု၊ နေ့စဉ်သုံး ဘာသာစကားတွေ နားလည်မှုစတဲ့ နည်းပညာတွေက computer နဲ့ ဆက်စပ်လာမယ့် နှုန်းစံတွေပါပဲ။ ■

ငယ် (Pearl)